# ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

# ၂၃ ရက်မြောက်နေ့အစီအစဉ်

# [၂၀-၈-၂၀၁၃] (အင်္ဂါနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးယော်ဒီဌွေ့၊ ပူတာအို မဲဆန္ဒနယ်၏ **၂၀၁၅ ခုနှစ်မတိုင်မီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်၊ မြို့နယ်များတွင် ရွေးကောက်ပွဲကော်မရှင်ရုံးများ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးသန်းမြင့်၊ ဆားလင်းကြီး မဲဆန္ဒနယ်၏ **တောင်ယမားချောင်း ရေတိုက်စား၍ ပြိုကျသည့်ကမ်းပါးအတွက်လိုအပ်သည့် ရန်ပုံငွေ အား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ဖြည့်စွက်ရန်ပုံငွေထည့်သွင်း တောင်းခံ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဒေါ်နန်းစေအွာ၊ ဘားအံ မဲဆန္ဒနယ်(ကိုယ်စား) ဒေါ်ဇာတလဲမ်း၊ ထန်တလန် မဲဆန္ဒနယ်၏ **ဘားအံမြို့၏ မြစ်ကမ်းနားတစ်လျှောက် သာယာလှပရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဃ) ဒေါ်ခင်စန်းလှိုင်၊ ပုလဲ မဲဆန္ဒနယ်၏ **မုံရွာမြို့တွင် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စည်းကမ်းဖောက်ဖျက်သော ကုမ္ပဏီအား အရေးယူရန်အစီအစဉ်ရှိ/မရှိ နှင့် စီမံကိန်းကြောင့် နစ်နာဆုံးရှုံး ခံရသည့် ဒေသခံများအား မည်ကဲ့သို့ကာကွယ်မည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဒေါ်တင်တင်ရီ၊ ကျွန်းစု မဲဆန္ဒနယ်၏ **ကမ်းကြီးကျေးရွာမှ ကျွန်းစုမြို့ ပေါ်သို့ ကုန်းလမ်းတစ်လမ်းဖောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးကျင်ဝမ်း၊ ဟိုပန် မဲဆန္ဒနယ်၏ **ဟိုပန်မြို့နယ်ရှိ ခုတင်(၅၀)ဆံ့ ဆေးရုံကြီးတွင် လက်ထောက်ဆရာဝန်များနှင့် လူနာတင် ယာဉ်တစ်စီး ထောက်ပံ့ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ **လောင်းချောင်းကျေးရွာ၌ တိုက်နယ်ဆေးရုံတစ်ရုံ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဇ) ဒေါက်တာအောင်သန်း၊ ရွှေဘို မဲဆန္ဒနယ်(ကိုယ်စား) ဦးကျော်မြင့်၊ အရာတော် မဲဆန္ဒနယ်၏ **ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ဖြစ်ထွန်းပေါ်ပေါက်လာမည့် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ နှင့်ပတ်သက်၍ မည်ကဲ့သို့ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက် ထားသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဈ) ဦးညဏ်ဝင်း၊ လှိုင်သာယာ မဲဆန္ဒနယ်၏ **လှိုင်သာယာမြို့နယ်ရှိ (၂၅)ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံအား ခုတင်(၅၀)ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံအဖြစ်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ည) ဦးအေးနိုင်၊ ဆင်ပေါင်ဝ ` မဲဆန္ဒနယ်(ကိုယ်စား) ဦးဌေးမောင်၊ ဆော မဲဆန္ဒနယ်၏ **ဆင်ပေါင်ဝဲမြို့နယ်ရှိ ယိုယွင်းပျက်စီးနေသော ပြည်သူ့ဆေးရုံအဆောက်အဦးကို အသစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော **"ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ တင်သွင်းခြင်း။

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၄ ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။